# ဆောက်လုပ်ဆဲဖြစ်၏

## Under Construction

*သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်ဟု ငါသဘောကျ၏။ (ဖိလိပ္ပိ၊၁း၆)*

*ညီအစ်ကိုတို့၊ လူသည် သတိလစ်၍ တစုံတခုသော ဒုစရိုက်ကိုပြုမိလျှင်၊ ဝိညာဉ်ဆုကျေးဇူးကို ခံရသော သင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့်ကိုယ်တိုင် လွတ်မည်အကြောင်း၊ ကိုယ်ကိုသတိပြုလျက် သိမ်မွေ့နူးညံ့သောသဘောနှင့် ထိုသို့သောသူကိုမစ၍၊ သူ၏နေရာ၌ တည်မြဲတည်စေပြန်ကြလော့။ (ဂလာတိ၊၆း၁)*

သူတပါးကို တရားစီရင်ရတာ သိပ်ကိုလွယ်ကူလှပါတယ်။ "သူဒါမျိုးလုပ်တာ ငါယုံတောင်မယုံနိုင်ဘူး။ ငါသာဆိုရင် ဒါမျိုးဘယ်တော့မှမလုပ်ဘူး"လို့ပြောရတာ သိပ်လွယ်ပါတယ်။



တကယ်တော့ ကျွန်တော်တို့အားလုံးဟာ ကျမ်းစာထဲမှာ ဖော်ပြထားတဲ့အပြစ် အားလုံးကို ကျူးလွန်နိုင်သူများဘဲ ဖြစ်ကြပါတယ်။ အခြေအနေနဲ့ အခွင့်အရေးသာရမယ်ဆိုရင် ထိုအပြစ်များကို လူတိုင်းကျူးလွန်မိနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သူတပါးလုပ်တဲ့အပြစ်ကို တရားစီရင်တိုင်း ရှင်ပေါလုက "သင့်ကိုယ်သင်သတိထားပါ။ သင်သည်လည်း ထိုကဲ့သို့သော သွေးဆောင်ခြင်းမျိုးကို ခံရနိုင်တယ်"လို့ သတိပေးထားပါတယ်။ ကျွန်တော်တို့ အားလုံးဟာ အသွေးအသားရဲ့ ဆန္ဒကိုယ်စီကို တိုက်လှန်ရုန်းကန်နေကြရသူများဘဲ ဖြစ်ကြပါတယ်။ ဒါကြောင့် လူတွေအတွက် တည်ဆောက်စရာ အသက်တာကို ဖြစ်ပေါ်စေမယ့် ပြုမူပြောဆိုခြင်းများကို အချင်းချင်းကြားမှာ ကျင့်သုံးဖို့လိုအပ်ပါတယ်။ ဘုရားသခင်ဟာ လူတိုင်းရဲ့ရင်ဘတ်မှာ "ဆောက်လုပ်ဆဲဖြစ်၏"ဆိုတဲ့စာတမ်းကို ချိတ်ဆွဲ ထားပေးတယ်လို့ ခံယူလိုက်ပါမိတ်ဆွေ။

နောက်တခု ကျွန်တော်တို့သိထားဖို့လိုတာက ဒုတိယမွေးခြင်းကိုခံရပြီးသူများဟာ နာမ်ဝိညာဉ်အရ အသစ်သော သတ္တဝါတွေဖြစ်လာကြပေမယ့် ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓာနဲ့ အသက်ဝိညာဉ်ကတော့ အသစ်မဖြစ်လာနိုင်သလို ရုပ်ရည်ကလည်း ဒီအတိုင်းဘဲအပြောင်းအလဲမရှိနိုင်ပါဘူး။ ခါတိုင်းလိုဘဲ စဉ်းစားရင်း မလုပ်သင့်တာတွေကို လုပ်တဲ့အကြိမ်ပေါင်းများစွာကိုကြုံရအုံးမှာဖြစ်ပါတယ်။ သို့သော် ယခုအခါမှာခရစ်တော် ဘုရားသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်အထဲမှာ အသက်ရှင်နေထိုင်နေတဲ့အတွက် သူရဲ့ ဂုဏ်တော်ကိုယုံကြည်နိုင်ပါတယ်။

*သင်တို့တွင်ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော် မူမည်ဟု ငါသဘောကျ၏။ (ဖိ၊၁း၆)*

ကျွန်တော်တို့အားလုံးဟာ သားတော်ယေရှုရဲ့ ပုံသဏ္ဍာန်တော်ကဲ့သို့ ပြောင်းလဲရန် ဘုရားသခင်ဟာ ကျွန်တော်တို့ ရဲ့ဘဝကို ပြုပြင်မွမ်းမံနေပါတယ်ဆိုတာကို ရှင်ယောဟန်က (၁ယော၊၃း၂–၃)တွင် ရေးသားဖော်ပြထားပါတယ်။

*ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတ့ံဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည် အတိုင်းကို ငါတို့သည် မြင်ရကြလတ့ံ။ ထိုသို့မြော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏။ (၁ယော၊၃း၂–၃)*

အထက်ပါကျမ်းပိုဒ်အရ ခရစ်တော်နှင့်တွေ့တဲ့အချိန်ကျလျှင် ကျွန်တော်တို့သည်လည်း ခရစ်တော်ကဲ့သို့ဖြစ်မယ်ဆိုတဲ့ မျှော်လင့်ခြင်းကို ဒီကမ္ဘာပေါ်မှာအသက်ရှင်စဉ် ယခုပင် ကျွန်တော်တို့ရရှိထားကြပြီးဖြစ်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့အတွက်သာမဟုတ်ဘဲ လူတဦးနှင့်တဦးကြားမှာရှိတဲ့ မျှော်လင့်ခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ အသွေးအသားရဲ့ဆန္ဒကိုယ်စီကို တိုက်လှန်ရုန်းကန်နေစဉ်အချိန်မှာပင်၊ ဘုရားသခင်သည် ကျွန်တော်တို့ကိုပြုပြင်မွမ်းမံပေးနေပါတယ်။ ခရစ်တော်သည် သန့်ရှင်းစင်ကြယ်သည်နည်းတူ ကျွန်တော်တို့သည်လည်း သန့်ရှင်းစင်ကြယ်ရန်ကြိုးစားနေစဉ်အချိန်အတွင်းမှာ ကျွန်တော်တို့ ကြုံတွေ့ရတဲ့ရုန်းကန်ခြင်း တွေ



နဲ့ပတ်သက်ပြီး ဘုရားသခင်မအံ့ဩပါဘူး။ သူသည်ကျွန်တော် တို့အထဲတွင် အသက်ရှင်နေထိုင်လျှက်ရှိသောကြောင့်သာလျှင် ကျွန်တော်တို့ ရဲ့ဘဝမှာသွေးသားတပ်မက်မှုနဲ့ပတ်သက်ပြီး ရုန်းကန်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျွန်တော် တို့ကိုသူ့ရဲ့ပုံသဏ္ဍာန်တော်ကဲ့သို့ ပြောင်းလဲရန် သူအလုပ်လုပ်လျှက်ရှိနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကိုယုံကြည်ကိုးစားတာသူဖြစ်စေချင်ပါတယ်။ ဤကဲ့သို့ သူ့ကိုယုံကြည်ကိုးစားဖို့ သူတောင်းဆိုရာတွင် ကျွန်တော်တို့ရဲ့ဘဝအသက်တာသာမက အခြားသောသူများ ရဲ့ဘဝအသက်တာတွင်လည်း သူပြုပြင်မွမ်းမံသွားအုံးမယ်ဆိုတာကို ယုံကြည်စိတ်ချဖို့ကို လည်း သူတောင်းဆိုနေပါတယ်။ ကျွန်တော်တို့အားလုံးဟာ တလေ့ထဲစီးပြီး တခရီးထဲကို သွားနေကြသော လောကဧည့်သည်များဖြစ်သလို၊ ခရစ်တော်ရဲ့အသွင်သဏ္ဍာန်သို့ ကူးပြောင်းရန် ဖိတ်ခေါ်ခြင်းခံကြရသူများလည်းဖြစ်ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည် ခရစ်တော်၏အသွင်သဏ္ဍာန်သို့ပြောင်းလဲလာပြီးဆိုလျှင် ဒါဟာခရစ်တော်ရဲ့လုပ်ဆောင်ချက်သာဖြစ်ပါတယ်။ ခရစ်တော်ရဲ့အသွင်သဏ္ဍာန်သို့ ကူးပြောင်းသွားသူတိုင်းတို့ရဲ့ဘဝမှာ ဤအမှုအရာကိုဖြစ်ပေါ်စေသောသူသည် ခရစ်တော်သာလျှင်ဖြစ်ပါတယ်။ ဤအသိတရားကို ရရှိထားပြီးဆိုလျှင် ကျွန်တော်တို့ရဲ့ဘဝမှာ ကောင်းသောအမှုကိုပြုစပြုတော်မူသောဘုရားသခင်အားဖြင့် တဦးနှင့်တဦးကြားမှာ ကဲ့ရဲ့အပြစ်တင်ခြင်းများကို ကျွန်တော်တို့ရှောင်ရှားနိုင်ပါတယ်။ အချင်းချင်းကြားမှာ အပြစ်ဖို့ခြင်း၊ တရားစီရင်ခြင်းရှိကြမယ့်အစား တည်ဆောက်စရာအသက်တာကို ရွေးချယ်နိုင်တယ်လို့ ရှင်ပေါလုကလည်း အားပေးစကားပြောကြားထားခဲ့ပါတယ်။ ထိုမျှသာမက ဘုရားသခင်သည် လူတိုင်းရဲ့ ရင်ဘတ်မှာ "ဆောက်လုပ်ဆဲဖြစ်၏" ဆိုတဲ့စာတမ်းကို ချိတ်ဆွဲထားပေးတယ်လို့ ခံယူလိုက်ပါမိတ်ဆွေ။ ဒါကြောင့်အချိန်တိုင်းနဲ့အခြေအနေတိုင်းမှာ မိမိအပါအဝင် သက်ရှိလူသားတိုင်းရဲ့ရင်ဘတ်ကိုယ်စီမှာ ဆောက်လုပ်ဆဲဖြစ်၏ ဆိုတဲ့ ဆိုင်းပုဒ်ကိုယ်စီချိတ်ဆွဲထားလျှက်ရှိတယ်ဆိုတာကို ပြန်လည်သိရှိရင်း ဘုရားသခင်၏ လုပ်ဆောင်ချက်အားလုံးကို အသိအမှတ်ပြုကြပါစို့။

ဘုရားသခင်သည် ကမ္ဘာပေါ်ရှိ သူ့ကိုမသိသေးသူများ၊ သူ့ကိုလက်မခံရသေးသော သူ့သားသမီးများနှင့် "ဆောက်လုပ်ဆဲဖြစ်၏" ဆိုတဲ့ ဆိုင်းပုဒ်ချိတ်ဆွဲခြင်းခံရသူများအားလုံးကို ကောင်းကင်ဘုံရှိအိမ်တော်သို့ ပြန်လည်ပို့ဆောင်ရန် သင့်ရဲ့ခန္ဓာကိုယ်ကို တန်ဆာဗလာအဖြစ် အသုံးပြုလိုတယ်ဆိုလျှင် ထိုအမှုတော်မြတ်အတွက် သင်ပါဝင်ဆက်ကပ်လိုပါသလား ချစ်မိတ်ဆွေ။

–စတယ်လာဝေ–